**သမတအိမ်တော်၊ ရန်ကုန်မြို့။**

**၁၉၄၈ ခုနှစ်၊ စစ်ဥပဒေထုတ်ပြန်ကျေညာမှုဆိုင်ရာ တချက်လွှတ်ဥပဒေ။**

**၁၉၄၈ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၅။**

**၁၃၁၀ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်။**

**(၁၉၄၈ ခု၊ ဩဂုတ်လ ၁၉ ရက်။)**

Myanmar Law Information System (MLIS)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ တချက်လွှတ်ဥပဒေကို ထုတ် ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အရပ်ဒေသများတွင် ထကြွသောင်းကျန်းမှုများကြောင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏လုံခြုံရေးကို ထိခိုက်မည့် အလွန်အရေးကြီးသည့် အခြေအနေသို့ရောက်ရှိနေ သည်တကြောင်း။

ချက်ခြင်းအရေးယူရန် လိုအပ်သည်ဟု နိုင်ငံတော်သမတက သဘောကျေနပ်သည်လည်းတကြောင်း။

ထိုအကြောင်းများကြောင့် ဤတချက်လွှတ်ဥပဒေပြဋ္ဌာန်းလိုက်သည်-

၁။ ။ ဤတချက်လွှတ်ဥပဒေကို **၁၉၄၈ ခုနှစ်၊ စစ်ဥပဒေထုတ်ပြန်ကျေညာမှုဆိုင်ရာတချက်လွှတ်ဥပဒေ** ဟုခေါ်ရမည်။

၂။ ။ နိုင်ငံတော်သမတက အခါကာလအားလျော်စွာ ထုတ်ပြန်ကျေညာ၍ ထိုကျေညာချက်တွင် သီးခြား ဖေါ်ပြထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိအရပ်ဒေသတခုခုကိုဖြစ်စေ၊ အရပ်ဒေသများကို ဖြစ် စေ၊ စစ်ဘက်ဆိုင်ရာအာဏာပိုင်၏အမိန့်များနှင့်စည်းမျဉ်းဥပဒေများအရ၊ အုပ်ချုပ်စေခြင်းငှါ နိုင်ငံတော် သမတက စစ်ဘက်ဆိုင်ရာသို့အပ်နှင်းနိုင်ခွင့်ရှိသည်။

၃။ ။ ပုဒ်မ ၂ အရ၊ ထုတ်ပြန်ကျေညာသည့်အခါ ထိုကျေညာချက်တွင် သီးခြားဖေါ်ပြထားသည့် နယ်များ ကို ပြည်ထောင်စု မြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်၏ညွှန်ကြားချက်အရ၊ စီရင် အုပ်ချုပ်ရမည်။

၄။ ။ ပုဒ်မ ၂ အရ ထုတ်ပြန်ကျေညာထားသောနယ်တခုခုတွင် သော်၎င်း၊ နယ်များတွင်သော်၎င်း၊ ရှိသော ရုံးနှင့် ခုံအဖွဲ့အားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်က၊ အခါကာလအားလျော်စွာညွှန်ကြားသည့်အတိုင်းမှတပါး၊ ထိုရုံးနှင့်ခုံအဖွဲ့အားလုံးသို့ အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်အာဏာနှင့်၊ အခြားအာဏာများကိုသုံးစွဲခြင်းမှချက်ခြင်း ရပ်စဲရမည်။ ထိုရုံးများနှင့်ခုံအဖွဲ့များ က ထိုသို့ရပ်စဲသည့်အချိန်အထိ သုံးစွဲခဲ့သော စီရင်ပိုင်ခွင့်အာဏာနှင့် အခြားအာဏာများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ် ဖွဲ့စည်းသည့်ရုံးများနှင့် ခုံအဖွဲ့များက၊ ဆက်ခံ သုံးစွဲရမည်။

၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်က ဖွဲ့စည်းသည့်ရုံးတခုခုက ဖြစ်စေ၊ ခုံအဖွဲ့တခုခုကဖြစ်စေ၊ ချမှတ်သည့်စီရင်ချက်ကို အယူခံဝင်ခွင့်မရှိရ။

၆။ ။ သေဒဏ်သော်၎င်း၊ တကျွန်းပို့ဒဏ်သော်၎င်း၊ ခုနစ်နှစ်ထက်ပိုသောထောင်ဒဏ်သော်၎င်း၊ စီရင်ခြင်း ခံရသူ တဦးတယောက်သည်၊ မိမိပြစ်ဒဏ် စီရင်ခြင်းခံရသည့်နေ့မှ ဆယ့်ငါးရက်အတွင်း၊ ပြည်ထောင်စု

မြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်ထံ၊ ထိုပြစ်ဒဏ်စီရင်ခြင်းကို ကြည့်ရှုပြင်ဆင် ရန် လျှောက်ထားနိုင်သည်။

၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်ဖွဲ့စည်းသည့်ရုံးတခုခုက ဖြစ်စေ၊ ခုံအဖွဲ့တခုခုကဖြစ်စေ၊ ချမှတ်သော သေဒဏ်အမိန့်ကို ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင် တပ်ပေါင်းစုံစစ်သေနာပတိက၊ ထိုကိစ္စ အလို့ငှါအာဏာအပ်နှင်းထားသည့် အရာရှိတဦးဦးက စာဖြင့်အတည်မပြုလျှင်၊ ထိုသေဒဏ်အမိန့်အတိုင်းဆောင်ရွက်ကွပ်မျက်ခြင်းမပြုရ။

၈။ ။ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်က ဖွဲ့စည်းသည့်ရုံးများ၏၊ သို့တည်းမဟုတ် ခုံအဖွဲ့များ၏ဆောင်ရွက်မှုများနှင့်မှတ်တမ်းများကို ပြည်ထောင်စုမြန်မာနိုင်ငံလက်နက် ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်က၊ အခါကာလအားလျော်စွာညွှန်ကြားသည့်နည်းများအတိုင်းဆောင် ရွက်ထားရှိရမည်။

၉။ ။ ပုဒ်မ ၂ အရ၊ ထုတ်ပြန်ကျေညာထားသော နယ်မြေအတွင်းရှိ၊ တရားမရုံးများသည်၊ ထိုကျေညာချက် ပြန်လည်မရုပ်သိမ်းသမျှ ကာလပတ်လုံး၊ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ပါပြဋ္ဌာန်းချက် များ အလို့ငှါ ပိတ်ထားသည်ဟူ၍မှတ်ယူရမည်။

၁၀။ ။ ပုဒ်မ၂ အရထုတ်ပြန်ကျေညာထားသောနယ်မြေအတွင်းရှိတရားရုံးကစီရင်ချမှတ်သော ဒီကရီ၊ သို့တည်းမဟုတ် အမိန့်တခုခုမှပေါ်ပေါက်လာသော အယူခံလွှာများကို ကာလစည်းကမ်းသတ် အက် ဥပဒေပဋ္ဌမဇယားတတိယအကွက်တွင် သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွင်းတင်သွင်း နိုင်သည်။ ထိုကာလအပိုင်းအခြားကို ကျေညာချက်ရုပ်သိမ်းသည့်နေ့မှစ၍ ရေတွက်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်။
(၁၉၄၈ ခု၊ ဩဂုတ်လ ၁၉ ရက်။)

အမိန့်အရ၊
ရွှေဘော်၊
နိုင်ငံတော်သမတအတွင်းဝန်။
[အမှတ် ၁၂၆]

Myanmar Law Information System (MLIS)